(မူကြမ်း)

# ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကိုပြင်ဆင်သည့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

## ၁၃၈၁ ခုနှစ်၊နတ်တော်လဆန်း      ရက်

## (၂၀၁၉ ခုနှစ်၊ဒီဇင်ဘာလ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေနိဒါန်းပိုဒ်ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"နိုင်ငံတော်သည်အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက်လည်းကောင်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတို့အတွက်လည်းကောင်း၊ အလုပ်သမားဈေးကွက်တွင် မျှတစွာဖွံ့ဖြိုးစေရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။"

၂။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေအခန်း(၁)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်"**

၃။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"ဤဥပဒေကို၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။"

၄။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲငယ်(၁)၊(၃)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အလုပ်သမား** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင်လုပ်ကိုင်ရန် အလုပ်ရှင်နှင့်သဘောတူညီသည့်အလျောက်မိမိ၏ကာယအားဉာဏအားကို အသုံးပြု၍ အချိန်ပိုင်းအလုပ်၊ ယာယီအလုပ်၊ အမြဲတမ်းအလုပ်ကို အခကြေးငွေဖြင့်

လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူကိုဆိုသည်။ သို့ရာတွင် ဤဥပဒေသည် အောက်ပါပုဂ္ဂိုလ်များနှင့်သက်ဆိုင်ခြင်းမရှိစေရ-

(၁) အလုပ်ရှင်နှင့်အတူနေပြီး အလုပ်ရှင်၏အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏မိသားစုဝင်ဖြစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် ညီအစ်ကိုမောင်နှမအရင်းများ၊

(၃) ဝန်ကြီးဌာနကအမိန့်ထုတ်ပြန်၍ သတ်မှတ်ထားသူများ၊”

(ခ) ပုဒ်မခွဲ(ခ)၏ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲငယ်(၃)နှင့်(၅)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) **အလုပ်ရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုအတွက် လိုအပ်သောလုပ်အားကိုရရှိစေရန်အလုပ်သမားအား နှစ်ဖက်သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များလည်းပါဝင်သည်-

(၃) အလုပ်ရှင်သေဆုံးသည့်အခါလုပ်ငန်းကို တရားဝင်ဆက်ခံသူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်၊

(၅) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖွဲ့စည်းတည်ထောင်သောကုမ္ပဏီများ၊ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့်ယင်းလုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့်အရာရှိများ၊

(ဂ) ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆) ၏ နောက်တွင် ပုဒ်မခွဲငယ်(၇) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(၇) အစိုးရသို့မဟုတ်အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုခုသို့မဟုတ်လူပုဂ္ဂိုလ်တစ်ဦးဦးထံမှလုပ်ငန်းတင်ဒါအပ်နှံခံရပြီး၊ အလုပ်သမားများအား အခကြေးငွေဖြင့်ငှားရမ်းလုပ်ကိုင်သည့်ကန်ထရိုက်တာသို့မဟုတ်တစ်ဆင့်ခံကန်ထရိုက်တာများ။”

(ဃ) ပုဒ်မခွဲ(ဂ)နှင့်(ဃ)တို့ကိုပယ်ဖျက်ရမည်။

(င) ပုဒ်မခွဲ(င)တွင် ပုဒ်မခွဲငယ်(၃)ကို ပယ်ဖျက်ရမည်။

(စ) ပုဒ်မခွဲ(င)တွင် ပုဒ်မခွဲငယ်(၇)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော အခကြေးငွေများ။"

(ဆ) ပုဒ်မခွဲ(င)၏နောက်တွင် ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဃ) **အနည်းဆုံးအခကြေးငွေ** ဆိုသည်မှာ သတ်မှတ်ပြဋ္ဌာန်းထားသည့် အလုပ်တွင် အလုပ်သမားတစ်ဦးချင်းအတွက် တစ်နာရီ၊ တစ်ရက်၊ တစ်လ လုပ်ခအပေါ်မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံး လုပ်ခကြေးငွေကိုဆိုသည်။"

(ဇ) ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ည) **ဝန်ကြီးဌာန**ဆိုသည်မှာပြည်ထောင်စုအစိုးရအဖွဲ့ကဤကိစ္စအလို့ငှာ တာဝန်ပေးအပ်သဖြင့်ဤဥပဒေကိုကိုင်တွယ်ကျင့်သုံးသည့်ဝန်ကြီးဌာနကိုဆိုသည်။"

(ဈ) ပုဒ်မခွဲ(ဋ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဋ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်အကျုံးဝင်သူများက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရန်တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိတစ်ဦးဦးကိုဆိုလိုသည်။"

၅။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် အလို့ငှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ၊အလုပ်သမားရေးဆိုင်ရာနှင့်စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြု ဝန်ကြီးများ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ ပြင်ပမှပညာရှင်များနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့်အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဖွဲ့စည်းရမည်။"

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သက်တမ်းအတိုင်းဖြစ်ပြီးယင်းသက်တမ်းအတွင်း လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ အစားထိုးခန့်အပ်နိုင်သည်။"

၆။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

၇။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ(က)အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(က) အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကိုတာဝန်ခံရမည်။"

(ခ) ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက်နိုင်ငံတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အလိုက်သော်လည်း ကောင်း၊ ကဏ္ဍအလိုက်သော်လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း၊သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများ၏အကြံပြုချက်များကိုလေ့လာစိစစ်ပြီး သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားများအပေါ် အကြံပြုချက်ကို တစ်နှစ်တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။"

(ဂ) ပုဒ်မခွဲ(စ)နှင့်(ဆ)တို့ကိုပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) နိုင်ငံတော်၏ စီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေ အရပ်ရပ်ကို စဉ်ဆက်မပြတ်သုံးသပ်ပြီး အနည်းဆုံးအခကြေးငွေ ပြန်လည်သတ်မှတ် သင့်သည့်အခါတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။"

၈။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေ အခန်း(၄)ခေါင်းစဉ်ကိုပယ်ဖျက်ရမည်။

၉။ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၆။ အမျိုးသားကော်မတီသည်ဤဥပဒေပါအနည်းဆုံးအခကြေးငွေဆိုင်ရာပြဋ္ဌာန်းချက် များနှင့်သက်ဆိုင်စေရမည့် လုပ်ငန်းအမျိုးအစားကဏ္ဍအလိုက် အမိန့်ကြော်ငြာစာ

ထုတ်ပြန်၍ သတ်မှတ်ရမည်။ထို့အပြင် အဆိုပါလုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။”

၁၀။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၇ တွင်-

(က) ပုဒ်မခွဲ(က)(ဂ)(ဆ)နှင့်(ဇ)တို့ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဃ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ဃ) ငွေကြေးဖောင်းပွမှုနှုန်းနှင့်စားသုံးသူ ဈေးဆနှုန်း၊”

၁၁။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၈ နှင့် ၉ တို့ကိုပယ်ဖျက်ရမည်။

၁၂။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ၁၀ တွင်-

(က) ပုဒ်မ၁၀ ၏ခြေဆင်းစကားရပ်နှင့်ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အမျိုးသားကော်မတီ၏ တင်ပြချက်အပေါ်စိစစ်ပြီး အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ရန်လိုအပ်ပါက အနည်းဆုံးအခကြေးငွေ သတ်မှတ်မည့်အဆိုပြုအမိန့်ကြော်ငြာစာကိုအများပြည်သူသိရှိစေရန် နှင့်အကြံပြုချက်များ၊ ကန့်ကွက်လိုပါက ကန့်ကွက်ချက်များပေးပို့ နိုင်ရန်ရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့်သတင်းစာ များတွင်ထုတ်ပြန်ကြော်ငြာရမည်။”

(ခ) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ခ) အကြံပြုချက်များ၊ ကန့်ကွက်ချက်များရှိပါက အမျိုးသားကော်မတီနှင့် ပြန်လည်ညှိနှိုင်းပြီးအနည်းဆုံးအခကြေးငွေနှုန်းထားကိုသတ်မှတ်အတည်ပြုရမည်။”

၁၃။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၁ ကိုပယ်ဖျက်ရမည်။

၁၄။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ခ)၊(ဃ)၊(င)တို့ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ဂ) တည်ဆဲအခကြေးငွေပေးချေရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရဖြတ်တောက်ခြင်းမှအပအခြားမည်သည့်အကြောင်းကြောင့်မျှ

အလုပ်သမားတစ်ဦးရခွင့်ရထိုက်ရှိသောအနည်းဆုံးအခကြေးငွေကိုဖြတ်တောက် နုတ်ယူခြင်းမရှိစေရ။"

၁၅။ ၂၀၁၃ ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၃ တွင်-

(က) ပုဒ်မခွဲ(က)တွင် ပါရှိသော "သက်ဆိုင်ရာအလုပ်သမားများ" ဆိုသည့် စကားရပ်၏ နောက်တွင်"နားလည်နိုင်သောဘာသာစကားဖြင့်"ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရ မည်။

(ခ) ပုဒ်မခွဲ(ဂ)နှင့်(စ)တို့ကိုပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီးလိုအပ်သော အကူအညီများ ပေးရမည်။"

၁၆။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၄ တွင်-

(က) ပုဒ်မခွဲ(ခ)တွင်ပါရှိသော"ပိုမိုရရှိသောအခကြေးငွေကိုဆက်လက်ခံစားခွင့်ရှိသည်။" ဆိုသည့်စကားရပ်ကို"မူလရရှိသောအခကြေးငွေကို ဆက်လက်ခံစားခွင့်ရရှိစေရမည်။" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အနည်းဆုံးအခကြေးငွေထက်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး အခကြေးငွေအောက်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ရထိုက်ခွင့် ရှိသည်" ဆိုသည့်စကားရပ်ကို "ခံစားခွင့်ရရှိစေရမည်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဃ)တွင်ပါရှိသော "အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော"ဆိုသည့် စကားရပ်၏ရှေ့တွင် "လုပ်ငန်းခွင်မတူသော" ဆိုသည့်စကားရပ်ကိုဖြည့်စွက်၍ "ခံစားခွင့်ရှိသည်။"ဆိုသည့်စကားရပ်ကို "ခံစားခွင့် ရရှိစေရမည်။"ဆိုသည့်စကား ရပ်ဖြင့်အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ(စ)ကိုပယ်ဖျက်ရမည်။

(င) ပုဒ်မခွဲ(ဆ)တွင်ပါရှိသော " အခကြေးငွေရထိုက်ခွင့်ရှိသည်။" ဆိုသည့် စကားရပ်ကို "အခကြေးငွေရရှိခံစားစေရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

“(ဈ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သောအလုပ်သမားဖြစ်ပါက အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့်ဖြစ်စေ၊ အလုပ်ရှင်နှင့်အလုပ်သမား သဘောတူညီချက်ဖြင့်ဖြစ်စေရထိုက်ခွင့်ရှိသည်။ထို့ပြင်သီးခြားအကျိုးခံစားခွင့်များ၊အကျိုးအမြတ်များ၊အခွင့်အလမ်းများကိုပေးရန်ရှိပါကသတ်မှတ်ချက်များနှင့်အညီငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ ဖြစ်စေရထိုက်ခွင့်ရှိသည်။”

၁၇။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ၁၅၊ပုဒ်မခွဲ(က)တွင်ပါရှိသော “အခြားခံစားခွင့်များရရှိရေးအတွက် ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း” ဆိုသည့်စကားရပ်ကို “ အခြားခံစားခွင့်များရထိုက်ကြောင်း သိရှိသည့်အချိန်မှစ၍ ခံစားခွင့်များကို ရရှိရေးအတွက်” ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၈။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

“ ၁၆။ ဤဥပဒေအရသတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့်အခြားခံစားခွင့်များကိုအလုပ်သမားအားပေးရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း ထိုအနည်းဆုံးအခကြေးငွေအောက်လျော့နည်း၍အလုပ်သမားအားပေးခြင်းကြောင့်လည်းကောင်း၊ အလုပ်ရှင်အပေါ်တရားရုံးကပြစ်ဒဏ်ချမှတ်သည့်အခါတွင်သက်ဆိုင်ရာအလုပ်သမား၏ ရထိုက်ခွင့်ရှိသည့် အခကြေးငွေများအားအပြည့်အဝရရှိစေရန် သက်ဆိုင်ရာအလုပ်သမားဦးစီးဌာနမှတောင်းခံပေးရမည်။”

၁၉။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၉။ ဦးစီးဌာနသည် ဤဥပဒေအရသတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေပေးဆောင်ရန်ပျက်ကွက်သည့် အလုပ်ရှင်ထံမှလည်းကောင်း၊ အနည်းဆုံးအခကြေးငွေပေးဆောင်ရန်ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း၊ အလုပ်သမားကရရန်ရှိသောအခကြေးငွေများကိုပြည်ထောင်စုနယ်မြေကော်မတီ၊တိုင်းဒေသကြီးကော်မတီသို့မဟုတ်ပြည်နယ်ကော်မတီသို့တင်ပြ၍ထိုကော်မတီ၏ဆုံးဖြတ်ချက်အရတောင်းခံပြီး သက်ဆိုင်ရာနစ်နာသူအလုပ်သမားကိုပေးရမည်။”

၂၀။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂၂၊ပုဒ်မခွဲ(က)တွင်ပါရှိသော“ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။” ဆိုသည့်စကားရပ်ကို “ ပေးချေရန် ပျက်ကွက်ခြင်းမရှိစေရ။” ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၂၁။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂၆၊၂၇၊၃၂၊၃၄နှင့်၃၅တို့ကိုပယ်ဖျက်ရမည်။

၂၂။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃၆ တွင်-

(က) ပုဒ်မခွဲ(က) တွင် ပါရှိသော “ စည်းမျဉ်းနှင့်စည်းကမ်းများကို” ဆိုသည့်စကားရပ်ကို “စည်းမျဉ်း၊စည်းကမ်း၊အမိန့်ကြော်ငြာစာ၊အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်း များကို” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ခ) ဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်သို့ ၁ နှစ်လျှင်တစ်ကြိမ် အစီရင်ခံ တင်ပြရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ(ဝင်းမြင့်)

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ

## ရည်ရွယ်ချက်

အစိုးရအဖွဲ့၏စီမံခန့်ခွဲမှုများ ပိုမိုထိရောက်စေရန်နှင့် ၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို အကောင်အထည်ဖော်ခြင်းကြောင့် အလုပ်ရှင်၊ အလုပ်သမားများအပေါ် နစ်နာရမှုအချို့ ပေါ်ပေါက်လာခြင်းကို ကုစားနိုင်ရန်အတွက်၊ ကျစ်လျစ်၍ လက်တွေ့ကျသော ဥပဒေတစ်ရပ်ကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ခြင်းဖြင့် လွှတ်တော်၏ပုံရိပ်ကို ပိုမိုမြှင့်တင်လာနိုင်ပါသည်။

# ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရခြင်း၏ ကျိုးကြောင်းဖော်ပြချက်များ

## ကျိုးကြောင်းဖော်ပြချက်

၁။ ကော်မတီသည် ဖွဲ့စည်းမိန့်ပါ အပိုဒ် ၄ (ဂ) အရ တည်ဆဲအလုပ်သမားဥပဒေများကို လေ့လာသုံးသပ်ပြီး လတ်တလောပြင်ဆင်ရန် လိုအပ်သောဥပဒေများကို ဦးစားပေးအဆင့် သတ်မှတ်၍ စီစဉ်ဆောင်ရွက်ချက်အရ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ကော်မတီအတွင်း အကြိမ်ကြိမ်ဆွေးနွေးသုံးသပ်ခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များနှင့်တွေ့ဆုံခဲ့ပြီး အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ ရယူခဲ့ရာ အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

(က) မူလဥပဒေတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရကိုယ်စားလှယ်များ သုံးပွင့်ဆိုင်သဘောတူညီချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှာ ပြည့်စုံလုံလောက်မှုမရှိပါ။ (စီးပွားရေးပညာရှင်များ၊ အလုပ်သမားရေးရာ ကျွမ်းကျင်ပညာရှင်များ အစရှိသူတို့ပါဝင်သင့်)

(ခ) မူလဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဇ) တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန်အတွက် နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြင်ဆင်သတ်မှတ်ရန် ပြဋ္ဌာန်းခြင်းမှာ နှစ်နှစ်ပြည့်ခါနီးတိုင်း အလုပ်သမားတို့ လုပ်ခလစာ တိုးမြှင့်ရလိုမှု၊ အလုပ်ရှင်တို့၏ ရှိရင်းစွဲအတိုင်းသာ ပေးလိုမှုတို့ကြောင့် လုပ်ငန်းခွင်တည်ငြိမ်မှုကို ထိခိုက်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။(၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်တွင် အနည်းဆုံးအခကြေးငွေအဖြစ် ၄၈၀၀ိ/- ကျပ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်၍ ၂၀၂၀ ခုနှစ်၊ မေလတွင် မဖြစ်မနေပြင်ဆင်သတ်မှတ်ရတော့မည် ဖြစ်ပါသဖြင့် လုပ်ခလစာတိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် အလုပ်သမားသမဂ္ဂ

အချို့တို့မှ ယခုအချိန်ကတည်းက လှုံ့ဆော်မှုများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။)

(ဂ) အမျိုးသားကော်မတီ၏ သက်တမ်းကို အစိုးရအဖွဲ့၏ သက်တမ်းအတိုင်း ထားရှိရမည့်အစား ၃ နှစ် သတ်မှတ်ထားခြင်းသည် လက်တွေ့မကျပါ။

(ဃ) အချို့သောပြဋ္ဌာန်းချက်များမှာ နည်းဥပဒေတွင်ဖော်ပြရမည့်အချက်များ ဖြစ်နေခြင်း၊ အခြားသောဥပဒေများနှင့်သာ သက်ဆိုင်သည့်အချက်များပါရှိနေခြင်း စသည်တို့ကြောင့် ဥပဒေမှ ပယ်ဖျက်လိုခြင်းဖြစ်ပါသည်။

ကျော်ထွေး

ဥက္ကဋ္ဌ

လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ

**အမျိုးသားလွှတ်တော်၊လူ့ဝင်မှုကြီးကြပ်ရေးနှင့်ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ**

**၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့်စပ်လျဉ်း၍ မူလဥပဒေ၊ ပြင်ဆင်လိုသည့် ဥပဒေနှင့် ကျိုးကြောင်းဖော်ပြချက်ဇယား(မူကြမ်း)**

**ရက်စွဲ၊၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်**

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁။ | | | **၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ**<br>**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။)**<br>**၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**<br>**(၂၀၁၃ခုနှစ်၊ မတ်လ ၂၂ ရက်)**<br>**နိဒါန်း**<br>ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း တို့တွင် လုပ်ကိုင်လျှက်ရှိကြသော အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏အခြေခံလိုအပ်ချက်များကို ပြည့်မီ စေရေးအတွက်လည်းကောင်း၊အလုပ်သမားများ၏ လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက် ရေးတို့အတွက်လည်းကောင်းရည်ရွယ်၍ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။ | **၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို**<br>**ပြင်ဆင်သည့် ဥပဒေကြမ်း**<br>(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)<br>၁၃၈၀ ခုနှစ်၊ လ ရက်<br>(၂၀၁၉ ခုနှစ်၊ လ ရက်)<br>**နိဒါန်း**<br>နိုင်ငံတော်သည်အလုပ်သမားများ၏ အခြေခံလိုအပ်ချက် များကိုပြည့်မီစေရေးအတွက်လည်းကောင်း၊အလုပ်သမား များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက် လည်းကောင်း၊ အလုပ်သမား ဈေးကွက်တွင် မျှတစွာဖွံ့ဖြိုး စေရေးတို့အတွက် လည်း ကောင်းရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်သည်ဤ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။ | **မူလဥပဒေနိဒါန်းပိုဒ်အား အစား ထိုးပြင်ဆင်ခြင်းဖြစ်သည်။** |
| ၂။ | | | **အခန်း (၁)**<br>**အမည်၊ စတင်အာဏာတည်ခြင်းနှင့်**<br>**အဓိပ္ပာယ်ဖော်ပြချက်များ** | **အခန်း(၁)**<br>**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** | **ခေါင်းစဉ်အမည်ပြောင်းလဲ ဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃။ | ၁ | ၁ | (က) ဤဥပဒေကို၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေ ဥပဒေဟု ခေါ်တွင်စေရမည်။ | ၁။ ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။ | **မူလဥပဒေ ပုဒ်မ ၁ အား အစားထိုးပြင်ဆင်ခြင်းဖြစ်သည်။** |
| | | | (ခ) ဤဥပဒေသည်နိုင်ငံတော်သမ္မတကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။ | **ပယ်ဖျက်ရန်** | **လိုအပ်ခြင်းမရှိတော့ပါ။** |
| ၄။ | ၁ | ၂ | ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -<br>(က) **အလုပ်သမား**ဆိုသည်မှာကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် အလုပ်လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီချက်ပြုလုပ်၍ကာယအား၊ ဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ယာယီအလုပ်ကို လုပ်ကိုင်၍ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူကိုဆိုသည်။ယင်းစကားရပ်တွင်အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ | ၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်-<br>(က)**အလုပ်သမား** ဆိုသည်မှာ လုပ်ငန်း တစ်ခုခုတွင် လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီသည့် အလျောက် မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြုပြီး အချိန်ပိုင်းအလုပ်၊ ယာယီအလုပ်၊ အမြဲတမ်းအလုပ်ကို အခကြေးငွေဖြင့်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ သို့ရာတွင် ဤဥပဒေသည် အောက်ပါ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ- | **မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က) အား အစားထိုးပြင်ဆင်ခြင်း ဖြစ်သည်။**<br>(အနည်းဆုံး အခကြေးငွေဆိုသည်မှာ လုပ်ငန်းကြီး၊ လုပ်ငန်းငယ်ဟူ၍မရှိဘဲ လုပ်ငန်းမှန်သမျှနှင့် သက်ဆိုင်သောကြောင့် ဖြစ်သည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | လုံခြုံရေး၊ အစောင့်ဝန်ထမ်းများနှင့် သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် အောက်ပါအလုပ်သမားများနှင့် ဝန်ထမ်းများမပါဝင် - | | |
| | ၁ | ၂ | (၁) အလုပ်ရှင်အပေါ်မှီခို၍အတူနေပြီးအလုပ်ရှင်၏အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် ညီအစ်ကို မောင်နှမအရင်းများ၊ | (၁) အလုပ်ရှင်နှင့် အတူနေပြီး အလုပ်ရှင်၏ အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သောဇနီး၊ခင်ပွန်း၊သားသမီး၊ မိဘနှင့် ညီအစ်ကို မောင်နှမအရင်းများ၊ | **မူလဥပဒေပုဒ်မ ၂၊ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)အားအစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။** |
| | | | (၂) နိုင်ငံ့ဝန်ထမ်းများ၊ | (၂)**မူလဥပဒေအတိုင်း** | |
| | | | (၃) ပင်လယ်ကူး သင်္ဘောသားများ။ | (၃)ဝန်ကြီးဌာနက အမိန့်ထုတ်ပြန်၍ သတ်မှတ်ထားသူများ | **မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃) အား အစားထိုး ပြင်ဆင်ခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် သတ်မှတ်ထားသော အရေအတွက်အောက် မလျော့သော အလုပ်သမားများအား သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေ ပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည် - | (ခ)**အလုပ်ရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခု အတွက် လိုအပ်သောလုပ်အားကိုရရှိစေရန်အလုပ်သမားအား နှစ်ဖက်သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ပုဂ္ဂိုလ်များလည်း ပါဝင်သည်- | **မူလဥပဒေပုဒ်မ၂၊ ပုဒ်မခွဲ(ခ) အား အစားထိုးပြင်ဆင်ခြင်းဖြစ်သည်။**<br><br>(ရှေးယခင်က ငါးဖမ်းသင်္ဘော လုပ်သားများ ပါဝင်သော်လည်း နောင်တွင် လေကြောင်း ပါဝင်လာနိုင်သဖြင့် ဖြစ်ပါသည်။) |
| | | | (၁) အလုပ်ရှင်၏စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ | (၁)**မူလဥပဒေအတိုင်း** | |
| | | | (၂) အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန်တာဝန်ရှိသူ သို့မဟုတ် အခကြေးငွေပေးရန် တာဝန်ရှိသူ၊ | (၂)**မူလဥပဒေအတိုင်း** | |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (၃)အလုပ်ရှင်သေဆုံးသည့်အခါ အမွေဆက်ခံသူ၊ အလုပ်ရှင်အနေဖြင့် ဆက်ခံသူ သို့မဟုတ် တရားဝင် ကိုယ်စားလှယ်၊ | (၃)အလုပ်ရှင် သေဆုံးသည့်အခါ လုပ်ငန်းကို တရားဝင် ဆက်ခံသူ သို့မဟုတ် ယင်း၏ တရားဝင် ကိုယ်စားလှယ်၊ | **မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃) အား အစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။** (ဆက်ခံသူတိုင်းသည် လုပ်ငန်းနှင့် ပတ်သက်ချင်မှ ပတ်သက်မည်ဖြစ်ခြင်း၊ဆက်ခံသူကလည်း အရွယ်မရောက်သေးသူဖြစ်နိုင်ခြင်းအစုစပ်ပုဂ္ဂိုလ်အများအပြား ရှိနိုင်သောကြောင့်ဖြစ်ပါသည်။) |
| | | | (၄)အစုစပ် လုပ်ငန်းဖြစ်ပါက အစုဝင်တစ်ဦးချင်း သည်လည်းကောင်း၊ အစုဝင်အားလုံးသည် လည်းကောင်း၊လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ် ရန်အစုစပ်လုပ်ငန်းက လွှဲအပ်ခြင်းခံရသူသည် လည်းကောင်း အလုပ်ရှင်ဖြစ်သည်။ | (၄)**မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (၅)မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ အရ တည်ထောင်သောကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင်များသည်လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် ကုမ္ပဏီက ဥပဒေနှင့် အညီ လွှဲအပ်ခြင်းခံရသူ ၊ | (၅)မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ကုမ္ပဏီများ၊ မှတ်ပုံတင်ထားသောကုမ္ပဏီများ နှင့် ယင်းလုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သည့်ဒါရိုက်တာအဖွဲ့ဝင်များနှင့်အရာရှိများ၊ | **မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၅)အား အစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။** |
| | | | (၆)သမဝါယမအသင်းဥပဒေအရ တည်ထောင်သော အသင်းဖြစ်ပါက သမဝါယမ အသင်း အမှုဆောင်အဖွဲ့ သို့မဟုတ် ဒါရိုက်တာ အဖွဲ့ဝင်များ။ | (၆)**မူလဥပဒေအတိုင်း** | |
| | | | | (၇)အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခုသို့မဟုတ်လူပုဂ္ဂိုလ်တစ်ဦးဦးထံမှ လုပ်ငန်းတင်ဒါ အပ်နှံခံရပြီး၊ အလုပ်သမားများအားအခကြေးငွေဖြင့်ငှားရမ်းလုပ်ကိုင်သည့် ကန်ထရိုက်တာ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများ။ | **မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)၏နောက်တွင် ပုဒ်မခွဲငယ်(၇)အဖြစ်အသစ် ဖြည့်စွက်ခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (ဂ) **ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေ ပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ် သော ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ် လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းနှင့်စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းတစ်ခုခု ကိုသော်လည်းကောင်း၊ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု ကို သော်လည်းကောင်း၊ ယင်းလုပ်ငန်းများနှင့် ဆက်နွယ်သောသတ်မှတ်သည့် လုပ်ငန်းတစ်ခုခု ကို သော်လည်းကောင်းဆိုသည်။ | ပယ်ဖျက်ရန် | ပိုမိုတိကျစေရန်ဖြစ်ပါသည်။ |
| | | | (ဃ) **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေ ပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံ မြေနှင့် မြေလွတ် မြေရိုင်း တစ်ခုခုတွင် ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်း၊စိုက်ပျိုးခြင်း၊အပင်ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် စိုက်ပျိုးရေး | ပယ်ဖျက်ရန် | အနည်းဆုံးအခကြေးငွေသည် လုပ်ငန်းတိုင်းနှင့် ကျယ်ပြန့်စွာ သက်ဆိုင်ပါသည်။ |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | ထွက်ကုန် ကောက်ပဲသီးနှံများကို ရိတ်သိမ်းခြင်း၊ ခူးဆွတ်ခြင်းလုပ်ငန်းကို သော်လည်းကောင်း၊ ကြက်၊ ဘဲ၊ ငုံး၊ ငှက် နှင့် ပျား အပါအဝင် ခြံမွေး အိမ်မွေး တိရိစ္ဆာန် မွေးမြူခြင်း လုပ်ငန်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ အပါအဝင် တိရိစ္ဆာန် မွေးမြူခြင်း လုပ်ငန်း၊ ငါးနှင့် ရေသတ္တဝါ မွေးမြူခြင်း လုပ်ငန်းကိုသော်လည်းကောင်း၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းကိုသော်လည်းကောင်း၊ ယင်း လုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်၍ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို သော်လည်း ကောင်းဆိုသည်။ | | |
| | ၁ | ၂ | (င) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်း အလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ် အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ် တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက် ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာ တို့ကိုဆိုသည်။ ယင်းစကားရပ် တွင် | (ဂ)**မူလဥပဒေအတိုင်း** | **အမှတ်စဉ် ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | အချိန်ပိုလုပ်ခ သည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည် လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည် လည်းကောင်းပါဝင်သည်။ သို့ရာတွင် အောက်ပါ ငွေကြေးများ မပါဝင် - | | |
| | ၁ | ၂ | (၁) ခရီးစရိတ်များ၊ | **(၁)မူလဥပဒေအတိုင်း** | |
| | | | (၂) ပင်စင်လစာနှင့် အငြိမ်းစား လုပ်သက်ဆုငွေ၊ | **(၂)မူလဥပဒေအတိုင်း** | |
| | | | (၃) လူမှုဖူလုံရေး အကျိုးခံစားခွင့် ငွေကြေးများ၊ | **ပယ်ဖျက်ရန်** | |
| | | | (၄) နေထိုင်ခနှင့် စားသောက်စရိတ်များ၊ မီးဖိုး၊ ရေဖိုးနှင့် အခွန်အခများ၊ | **(၃)မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (၅) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊ | (၄)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (၆) အလုပ်ထုတ် နစ်နာကြေးနှင့် ဂရုဏာကြေးများ၊ | (၅)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (၇) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကဤဥပဒေပါ အခကြေးငွေနှင့်မသက်ဆိုင်ဟုပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သောအခြားအခကြေးငွေများ။ | (၆)ဝန်ကြီးဌာန က အမိန့် ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသော အခကြေးငွေများ။ | **မူလဥပဒေပုဒ်မ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၇) ကို အစားထိုးပြင်ဆင်ပြီးအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | - | (ဃ) **အနည်းဆုံးအခကြေးငွေ** ဆိုသည်မှာသတ်မှတ်ပြဋ္ဌာန်းထားသည့် အလုပ်တွင် အလုပ်သမားတစ်ဦးချင်းအတွက် တစ်နာရီ၊တစ်ရက်၊တစ်လလုပ်ခအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံးလုပ်ခကြေးငွေကိုဆိုသည်။ | **အသစ်ဖြည့်စွက်ချက်** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (စ) **အဖွဲ့အစည်း** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖွဲ့စည်းထားသော အလုပ်သမား အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်း ကို ဆိုသည်။ | (င)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ဆ) **အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စား လှယ်များ** ဆိုသည်မှာ အလုပ်သမား အဖွဲ့ အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်း များအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော် လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်း မရှိ သေးပါက အလုပ်သမားများအား ကိုယ်စား ပြုသည့် ကိုယ်စားလှယ်များကိုသော် လည်း ကောင်း၊ အလုပ်ရှင် အဖွဲ့အစည်းမရှိသေးပါက အလုပ်ရှင်များအား ကိုယ်စားပြုသည့် ကိုယ်စား လှယ်များ ကိုသော်လည်းကောင်းဆိုသည်။ | (စ)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (ဇ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင် ကိုယ်စားလှယ်၊ အလုပ်သမား ကိုယ်စားလှယ်များ သုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းသည့် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။ | (ဆ)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ဈ) **ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ် ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စု နယ်မြေ ကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းသော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီကို ဆိုသည်။ | (ဇ)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဆိုသည်။ | **(ဈ)ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန် ပေးအပ်သဖြင့် ဤဥပဒေကိုကိုင်တွယ်ကျင့်သုံးသည့်ဝန်ကြီးဌာနကိုဆိုသည်။ | **မူလဥပဒေပုဒ်မ၂၊ ပုဒ်မခွဲ(ည) အား အစားထိုးပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။**<br>(ဝန်ကြီးဌာန အမည်မှန်ကန်စေရန်နှင့် အရေးအသား ကျစ်လျစ်စေရန် ဖြစ်ပါသည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁ | ၂ | (ဋ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။ | (ည)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဥ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် စပ်လျဥ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကို သော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိ တစ်ဦးဦးကိုဆိုသည်။ | (ဋ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေ နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့် အညီ သက်ဆိုင် အကျိုးဝင်သူများက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိတစ်ဦးဦးကိုဆိုလိုသည်။ | **မူလဥပဒေပုဒ်မ၂၊ ပုဒ်မခွဲ(ဌ) အား အစားထိုးပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။**<br><br>(အရေးအသားကျစ်လျစ်စေရန် ဖြစ်ပါသည်။) |
| ၅။ | | | **အခန်း (၂)**<br>**အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း** | **အခန်း(၂)**<br>**မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၆။ | ၂ | ၃ | နိုင်ငံတော်သမ္မတသည် -<br>(က)အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ကိုယ်စားလှယ်များ၊ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းကျွမ်းကျင်ပြီးမှုတစ်စွာ ဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားကော်မတီကိုအမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။ | ၃။နိုင်ငံတော်သမ္မတသည်-<br>(က) အလုပ်သမားများအတွက်အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရန်အလို့ငှာစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ၊ အလုပ်သမားရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများ၏ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကိုယ်စားပြုဝန်ကြီးများ၊ အလုပ်သမားအဖွဲ့အစည်းသို့မဟုတ်အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊အလုပ်ရှင်အဖွဲ့အစည်းသို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ ပြင်ပမှ ပညာရှင်များနှင့်အလုပ်သမား ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့်အမျိုးသားကော်မတီ ကိုအမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းရမည်။ | **မူလဥပဒေပုဒ်မ၃၊ ပုဒ်မခွဲ(က) အားအစားထိုးပြင်ဆင်ခြင်းဖြစ်သည်။**<br>(အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းသည် စီးပွားရေးပညာရှင်များကသာ နိုင်ငံတော်၏ စီးပွားရေးအတွက် ဘက်စုံချင့်ချိန်၍အတတ်နိုင်ဆုံးမှန်ကန်အောင် ဆောင်ရွက်နိုင်သောလုပ်ငန်းသာ ဖြစ်ပါသည်။ လွဲချော် သွားလျှင် ကုန်ထုတ်လုပ်ငန်းများကျုံ့သွားခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများထွက်ခွာသွားတတ်ခြင်း၊ အလုပ်လက်မဲ့ ဖြစ်ပွားမှု မြင့်တက်လာခြင်းတို့ကြောင့်နိုင်ငံတော်၏စီးပွားရေးကို ထိခိုက်စေနိုင်သောကြောင့်ဖြစ်ပါသည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၂ | ၄ | (ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ် ပေးရမည်။ လိုအပ်ပါက ဒုတိယ ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ် ပေးနိုင်သည်။ | (ခ) **မူလဥပဒေအတိုင်း** | |
| | | | (ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် သုံးနှစ် ဖြစ်ပြီး ယင်းသက်တမ်းအတွင်းလိုအပ်ပါက အဖွဲ့ဝင်များကို အစားထိုးပြင်ဆင် ဖွဲ့စည်းနိုင်သည်။ | (ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်ပြီး ယင်းသက်တမ်း အတွင်း လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ အစားထိုး ခန့်အပ်နိုင်သည်။ | **မူလဥပဒေပုဒ်မ၄၊ ပုဒ်မခွဲ (ဂ) အား အစားထိုးပြင်ဆင်ခြင်းဖြစ်သည်။** (အမျိုးသားကော်မတီကို၂၀-၁၂-၁၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မူလဥပဒေအရ ၂၀-၁၂-၂၀၁၆ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းရမည် ဖြစ်ပါသည်။ သက်တမ်းကို သုံးနှစ်သာ သတ်မှတ်ပါက ၂၀-၁၂-၂၀၁၉ တွင် ထပ်မံဖွဲ့စည်း နေရမည် ဖြစ်ပါသည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၇။ | ၂ | ၄ | အမျိုးသားကော်မတီကို ဖွဲ့စည်းရာ၌ -<br>(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အလုပ်သမားရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊လူမှုရေးတို့နှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ တာဝန်ရှိသူများဖြစ်ရမည်။ | **ပယ်ဖျက်ရန်** | ပုဒ်မ ၃ (က)တွင် ဖွဲ့စည်းမှုကို ပြည့်စုံစွာ ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အတွက် ပုဒ်မ ၄ သည် နည်းဥပဒေတွင်သာ ထည့်သွင်းလိုက ထည့်သွင်းရန် ဖြစ်ပါသည်။ |
| | | | ( ခ ) အလုပ်သမားနှင့်အလုပ်ရှင်တို့၏ကိုယ်စားလှယ်များသည် -<br>(၁) သက်ဆိုင်ရာအဖွဲ့အစည်း၏အကျိုးကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏အကျိုးကိုသော်လည်းကောင်းသယ်ပိုးလိုသူများ ဖြစ်ရမည်။ | **ပယ်ဖျက်ရန်** | နည်းဥပဒေတွင်ထည့်ရန် |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၂ | ၄ | (၂) သတ်မှတ်ချက်နှင့်အညီ ဦးရေတူညီရမည့် အပြင် ယင်းကိုယ်စားလှယ်များ၏ ဆန္ဒ ထုတ်ဖော်ရာတွင်လည်း အခွင့်အရေး တူညီ ရမည်။ | **ပယ်ဖျက်ရန်** | နည်းဥပဒေတွင်ထည့်ရန် |
| | | | (ဂ) အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်း ကျွမ်းကျင်သည့် အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသူ သည် သက်ဆိုင်ရာ လုပ်ငန်း အတွေ့အကြုံရှိ၍ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား မျှတစွာ ဆောင်ရွက် တတ်သူ ဖြစ်ရမည်။ | **ပယ်ဖျက်ရန်** | နည်းဥပဒေတွင်ထည့်ရန် |
| ၈။ | | | **အခန်း (၃)**<br>**အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ** | **အခန်း(၃)**<br>**မူလဥပဒေအတိုင်း** | |
| ၉။ | ၃ | ၅ | အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် - | ၄။ အမျိုးသားကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ မှာ အောက်ပါအတိုင်း ဖြစ်သည် -<br>(က)အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရ အဖွဲ့ကိုတာဝန်ခံရမည်။ | **အသစ်ဖြည့်စွက်ချက် ဖြစ်သည်။**<br>(မူလဥပဒေတွင် အမျိုးသား ကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် တန်းတူသဘော မျိုး ဖြစ်နေ၍ ဖြစ်ပါသည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (က) ဤဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့် မူဝါဒများချမှတ်ခြင်း၊ | (ခ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ခ)အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့်ကျွမ်း ကျင်သူများပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီးလုပ်ငန်း တာဝန်များသတ်မှတ်ပေးခြင်း၊ | (ဂ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (ဂ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး အတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကိုလေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့်စပ်လျဉ်း၍ချမှတ်ထားသော အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း၊ | (ဃ)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ဃ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍စိစစ်တွက်ချက်ခြင်း၊စီမံကိန်းများနှင့်အစီအစဉ်များချမှတ်ခြင်း၊ | (င)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (င) အနည်းဆုံး အခကြေးငွေကို နိုင်ငံတစ်ဝန်းလုံး အတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် သော်လည်း ကောင်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းအမျိုးအစား အလိုက် သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊တိုင်းဒေသကြီး ကော်မတီ နှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး၍ဥပဒေအခန်း(၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့်အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားများကို အများပြည်သူ သိရှိစေရန်ထုတ်ပြန်ကြေညာခြင်းနှင့်ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံး အခကြေးငွေ နှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊ | (စ)အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး အတွက် နိုင်ငံတစ်ဝန်းလုံးအတွက် သော်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက်သော်လည်းကောင်း၊ကဏ္ဍအလိုက်သော် လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီးသတ်မှတ်သင့်သည့် အနည်းဆုံး အခကြေးငွေနှုန်းထားများ အပေါ် အကြံပြုချက်ကို တစ်နှစ် တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ | **မူလဥပဒေပုဒ်မ၅၊ ပုဒ်မခွဲ(င)ကို အစားထိုးပြင်ဆင်ပြီးအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (စ) ပုဒ်မခွဲ(င)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်မည့် အဆိုပြုအနည်းဆုံး အခကြေးငွေ နှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊တစ်ရက်၊ရက်သတ္တပတ်၊တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်းအလုပ် တစ်ခုခုအတွက်အခကြေးငွေနှုန်းထားကိုလုပ်ငန်းခွင် ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း၊ | **ပယ်ဖျက်ရန်** | (အထက်တွင်ပြည့်စုံစွာပါဝင်ပြီး ဖြစ်ပါသည်။ နည်းဥပဒေတွင် ထည့်လိုက ထည့်နိုင်ပါသည်။) |
| | | | (ဆ) အမျိုးသားကော်မတီ၏ အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက် ရှိခဲ့လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီးပြန်လည်တင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံး အခကြေးငွေ နှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခြင်း၊ | **ပယ်ဖျက်ရန်** | (အမျိုးသားကော်မတီက အများပြည်သူသို့ ချပြရန် လိုအပ်ခြင်း မရှိတော့၍ ဖြစ်ပါသည်။) |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (ဇ) သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေနှုန်းထားကိုကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက် သော်လည်းကောင်း၊ ဒေသအလိုက် သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ရှိနိုင်မှုတို့ကိုခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ် နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့်အမိန့်ကြော်ငြာစာကိုပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း၊ | (ဆ)နိုင်ငံတော်၏စီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေအရပ်ရပ်ကို စဉ်ဆက်မပြတ် သုံးသပ်ပြီး အနည်းဆုံးအခကြေးငွေပြန်လည်သတ်မှတ်သင့်သည့် အခါတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ | **မူလဥပဒေပုဒ်မ၅၊ ပုဒ်မခွဲ(ဇ) ကို အစားထိုးပြင်ဆင်ပြီး အမှတ်စဉ်ပြောင်း လဲဖော်ပြခြင်းဖြစ်သည်။** (အနည်းဆုံး အခကြေးငွေကို ၂ နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြင်ဆင်သတ်မှတ်ရန်ပြဋ္ဌာန်းခြင်းသည် စီးပွားရေးပညာ သဘောအရ မဖြစ်သင့် မဖြစ်ထိုက်ပါ။) |
| | | | (စျ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့်စပ်လျဉ်း၍လိုအပ်သောလုပ်ငန်းကော်မတီများကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ | (ဇ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့်အထူးအစည်းအဝေးများကိုသတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊ | (စျ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၃ | ၅ | (ဠ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြခြင်း။ | (ည) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၁၀။ | | | **အခန်း (၄)**<br>**လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း** | **ပယ်ဖျက်ရန်** | အနည်းဆုံးအခကြေးငွေသည် လုပ်ငန်းတိုင်းနှင့် သက်ဆိုင်သဖြင့် အခန်း (၄)ခေါင်းစဉ်သည် လိုအပ်ခြင်းမရှိပါ။ |
| ၁၁။ | ၄ | ၆ | အမျိုးသားကော်မတီသည် ဤဥပဒေပါ အနည်းဆုံး အခကြေးငွေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါ လုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့် အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။ | ၅။ အမျိုးသားကော်မတီသည် ဤဥပဒေပါ အနည်းဆုံး အခကြေးငွေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် လုပ်ငန်းအမျိုးအစား ကဏ္ဍအလိုက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင်အဆိုပါ လုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။ | **အမှတ်စဉ်ပြောင်းလဲ၍အစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၂။ | | | **အခန်း (၅)**<br>**အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အခြေခံရမည့် အချက်များ** | **အခန်း(၄)**<br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၁၃။ | ၅ | ၇ | အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီများက လေ့လာစိစစ် တွက်ချက်ပြီးအကြံပြုရာတွင်လည်းကောင်း၊ အမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင်လည်းကောင်း အောက်ဖော်ပြပါအချက်များကို အခြေခံရမည် - | ၆။ **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (က) အလုပ်သမားများနှင့် ယင်းတို့၏ မိသားစုလိုအပ်ချက်များ၊ | **ပယ်ဖျက်ရန်** | |
| | ၅ | ၇ | (ခ) လက်ရှိ လုပ်ခများ၊ | (က) **မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | (ဂ) လူမှုဖူလုံရေး အကျိုးခံစားခွင့်များ၊ | **ပယ်ဖျက်ရန်** | |
| | | | (ဃ) စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ၊ | (ခ) ငွေကြေးဖောင်းပွမှုနှုန်းနှင့်စားသုံးသူ ဈေးဆနှုန်း၊ | **မူလဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ) ကိုအစားထိုးပြင်ဆင်ပြီး အမှတ်စဉ်ပြောင်းလဲ ဖော်ပြခြင်းဖြစ်သည်။**<br>(စားဝတ်နေရေး ကုန်ကျစရိတ် ဆိုသည်မှာ သုံးလျှင် သုံးသလို ကုန်သည့်သဘောဖြစ်ပါသည်။) |
| | | | (င) လိုက်လျောညီထွေမှုရှိမည့် လူနေမှုဘဝ အဆင့်အတန်း၊ | (ဂ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (စ) နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး လိုအပ်ချက်များနှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများ၊ | (ဃ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၅ | ၇ | (ဆ) နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှု တန်ဖိုးနှင့် တစ်ဦးချင်း ဝင်ငွေ၊ | **ပယ်ဖျက်ရန်** | အနည်းဆုံး အခကြေးငွေကို နိုင်ငံတော်၏ တစ်ဦးချင်း ဝင်ငွေ နှင့်ချိန်ထိုးရမည့် ကိစ္စမဟုတ်ပါ။ တစ်ဦးချင်းဝင်ငွေ ဆိုသည်မှာ နိုင်ငံတော်၏ ဝင်ငွေကို လူဦးရေ နှင့်စားခြင်းသာဖြစ်ပြီး အနည်းဆုံး အခကြေးငွေ ဆိုသည်မှာ အနိမ့်ဆုံးလုပ်ခသာဖြစ်ပါသည်။ |
| | | | (ဇ) ကျန်းမာရေးကို ထိခိုက်စေနိုင်သော အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ လုပ်ငန်းခွင် ၏ သဘောသဘာဝ၊ | **ပယ်ဖျက်ရန်** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၅ | ၇ | (ဈ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအချက်များ။ | (င) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၁၄။ | | | **အခန်း (၆)**<br>**အနည်းဆုံး အခကြေးငွေ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း** | **အခန်း (၅)**<br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဉ်ပြောင်းလဲဖော် ပြခြင်း ဖြစ်သည်။** |
| ၁၅။ | ၆ | ၈ | သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ် ကော်မတီတို့သည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အခြေခံသင့်သည့် အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့်နှုန်းထားများကို အမျိုးသားကော်မတီသို့ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြံပြုချက်များ တင်ပြရမည်။ | **ပယ်ဖျက်ရန်** | **နည်းဥပဒေတွင်ထည့်ရန်** |
| ၁၆။ | ၆ | ၉ | အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများ အတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ - | **ပယ်ဖျက်ရန်** | **နည်းဥပဒေတွင်ထည့်ရန်** |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | (က) သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံ ခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန် အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအလိုက် အလုပ်သမားနှင့် ဝန်ထမ်းတို့အတွက် သတ်မှတ်သင့်သည့် အဆိုပြု အနည်းဆုံး အခကြေးငွေ နှုန်းထားများကိုအမျိုးသားကော်မတီသို့ တင်ပြရမည်။ | | |
| | | | (ခ) ပုဒ်မခွဲ (က)အရ တင်ပြချက်အပေါ် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီက သတ်မှတ်ပေးရမည်။ | ပယ်ဖျက်ရန် | **နည်းဥပဒေတွင်ထည့်ရန်** |
| ၁၇။ | ၆ | ၁၀ | အမျိုးသားကော်မတီသည် -<br>(က) ပုဒ်မ ၈ နှင့် ပုဒ်မ ၉တို့အရ အကြံပြုချက်အပေါ် စဥ်းစားသုံးသပ်ပြီးနောက် အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြု အမိန့်ကြော်ငြာစာကို အများပြည်သူ သိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံးရက်ပေါင်း ၆၀ ကြို | ၇။ ပြည်ထောင်စု အစိုးရအဖွဲ့သည် -<br>(က) အမျိုးသားကော်မတီ၏ တင်ပြချက်အပေါ် စိစစ်ပြီး အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ရန်လိုအပ်ပါက အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြု အမိန့်ကြော်ငြာ စာကို အများပြည်သူသိရှိစေရန်နှင့် | **မူလဥပဒေပုဒ်မ၁၀၊ပုဒ်မခွဲ(က) အား အစားထိုး ပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။**<br>(နိုင်ငံတော်၏စီးပွားရေး တစ်ရပ်လုံးနှင့် ဆိုင်သော ကိစ္စဖြစ်၍ |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | တင်၍နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထည့်သွင်းထုတ်ပြန် ကြေညာရေးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအား အသိပေး အကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။ | အကြံပြုချက်များ ၊ ကန့်ကွက်လိုပါက ကန့်ကွက်ချက်များ ပေးပို့နိုင်ရန် ရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထုတ်ပြန်ကြော်ငြာရမည်။ | တာဝန်ရှိသော ပြည်ထောင်စု အစိုးရအဖွဲ့ကသာ ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်နေပါသည်။ သို့မဟုတ်ပါက ဆူပူမှုများဖြစ်ပေါ်တတ်ပါသည်။စီးပွားရေးပညာရပ်ဆိုင်ရာ ကိစ္စဖြစ်၍ အများဆန္ဒရယူရန် လိုအပ်ခြင်းမရှိပါ။) |
| | ၆ | ၁၀ | (ခ) အဆိုပြုအနည်းဆုံးအခကြေးငွေ နှုန်းထားအပေါ် ကန့်ကွက်ချက်မရှိလျှင်ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေ နှုန်းထားကိုသတ်မှတ်ရမည်။ | (ခ) အကြံပြုချက်များ၊ ကန့်ကွက်ချက်များ ရှိပါက အမျိုးသားကော်မတီနှင့် ပြန်လည်ညှိနှိုင်းပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကိုသတ်မှတ် အတည်ပြုရမည်။ | **မူလဥပဒေပုဒ်မ၁၀။ပုဒ်မခွဲ(ခ) အားအစားထိုးခြင်းဖြစ်သည်။** |
| | | | (ဂ) အကယ်၍အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိသည့် ကိစ္စတွင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီအား ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ညှိနှိုင်းစေပြီး အဆိုပြု နှုန်းထားကိုပြန်လည်တင်ပြစေရမည်။ | (ဂ) **မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၆ | ၁၀ | (ဃ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မခွဲ(ဂ)အရထပ်မံအဆိုပြု တင်ပြသည့်အနည်းဆုံးအခကြေးငွေနှုန်းထားကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေ နှုန်းထားကို ဆုံးဖြတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေနှုန်းထားကိုသတ်မှတ်ရမည်။ | **(ဃ) မူလဥပဒေအတိုင်း** | |
| | | | (င) ပုဒ်မခွဲ(ခ) သို့မဟုတ် (ဃ)အရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပုဒ်မခွဲ(က) နှင့်အညီ အများပြည်သူသိရှိရန်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့် အလုပ်သမားများသိရှိရန် ထုတ်ပြန်ကြေညာရေးနှင့် အသိပေးအကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။ | **(င) မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၈။ | ၆ | ၁၁ | ပုဒ်မ ၉ နှင့် ၁၀ တို့အရ အမျိုးသားကော်မတီက သတ်မှတ်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရား စီရင်ရေးဥပဒေတို့နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် အမိန့်တစ်ရပ်ရပ်ထုတ်၍ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။ | ပယ်ဖျက်ရန် | (ဥပဒေတစ်ရပ်တွင် မိခင်ဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ညွှန်း၍ ထပ်မံ ပြဋ္ဌာန်းရန်မလိုအပ်ပါ။) |
| ၁၉။ | | | **အခန်း (၇)**<br>**အလုပ်ရှင်၏ တာဝန်များ** | **အခန်း (၆)**<br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၂၀။ | ၇ | ၁၂ | အလုပ်ရှင်သည် -<br>(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျော့နည်း၍ အလုပ်သမားအား အခကြေးငွေပေးခြင်းမပြုရ။ | ၈။အလုပ်ရှင်သည်-<br>(က) မူလဥပဒေအတိုင်း | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် ပို၍ပေးနိုင်သည်။ | ပယ်ဖျက်ရန် | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၇ | ၁၂ | (ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့် ကြော်ငြာစာတွင် အနည်းဆုံး အခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ် ထားသော အခကြေးငွေမှ အပ အခြားအခကြေးငွေကို နုတ်ယူခွင့် မရှိစေရ။ | (ခ) တည်ဆဲ အခကြေးငွေပေးချေရေး ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် အရဖြတ်တောက်ခြင်းမှအပအခြားမည်သည့် အကြောင်းကြောင့်မျှ အလုပ်သမားတစ်ဦး ရခွင့်ရထိုက်ရှိသောအနည်းဆုံး အခကြေးငွေကို ဖြတ်တောက် နုတ်ယူခြင်းမရှိစေရ။ | **မူလဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ) အား အစားထိုး ပြင်ဆင်ပြီး အမှတ်စဉ်ပြောင်းလဲ ဖော်ပြခြင်းဖြစ်သည်။** ("အနည်းဆုံး" ဆိုသော နာမဝိသေသနကြောင့်ပင်ဖြတ်တောက်ရန်မသင့်ပါ။) |
| | | | (ဃ) ကုသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့်ပေးရမည်။ ထို့ပြင် သီးခြား အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့်သတ်မှတ်သောပစ္စည်း တချို့တစ်ဝက် တွဲဖက်၍ ပေးနိုင်သည်။ | **ပယ်ဖျက်ရန်** | နည်းဥပဒေတွင်ထည့်နိုင်သည်။ |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၇ | ၁၂ | (င) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံး အခကြေးငွေပေးရာတွင် ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမား အများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ၊ ငွေသားတချို့ တစ်ဝက်နှင့် ဒေသပေါက် စျေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်း တချို့တစ်ဝက် တွဲဖက်၍ ပေးနိုင်သည်။ ထိုသို့ ပေးခြင်းသည် အလုပ်သမားနှင့် ယင်း၏ မိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာ အတွက်ဖြစ်ရမည့်အပြင် ပေးသည့်တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။ | **ပယ်ဖျက်ရန်** | နည်းဥပဒေတွင်ထည့်နိုင်သည်။ |
| ၂၁။ | ၇ | ၁၃ | အလုပ်ရှင်သည် -<br>(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ နှုန်းထားများအနက် လုပ်ငန်းနှင့် သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင်လုပ်ငန်းခွင်တွင်သက်ဆိုင်ရာအလုပ်သမားများ မြင်နိုင်စေရန် ကြော်ငြာထားရမည်။ | ၉။ အလုပ်ရှင်သည်-<br>(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေနှုန်းထားများအနက်လုပ်ငန်းနှင့် သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာ အလုပ်သမားများနားလည်နိုင်သောဘာသာစကားဖြင့် မြင်နိုင်စေရန် ကြော်ငြာထားရမည်။ | **မူလဥပဒေပုဒ်မ၁၃၊ပုဒ်မခွဲ(က) အားအစားထိုးပြင်ဆင်၍အမှတ်စဉ်ပြောင်းလဲ ဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၇ | ၁၃ | (ခ) အလုပ်သမားများ၏ စာရင်း၊ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီမှန်ကန်စွာမှတ်တမ်း ပြုစုထားရှိရမည်။ | (ခ) **မူလဥပဒေအတိုင်း** | |
| | | | (ဂ) ပုဒ်မခွဲ (ခ) အရ ပြုစုထားရှိသော စာရင်း၊ ဇယားနှင့်စာတမ်းအမှတ်အသားများကိုသတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနသို့ အစီရင်ခံရမည်။ | **ပယ်ဖျက်ရန်** | |
| | | | (ဃ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက် စစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါ စာရင်းနှင့် မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။ | (ဂ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (င) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သော အကူအညီများ ပေးရမည်။ | (ဃ) သတ်မှတ် ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိကဝင်ရောက်စစ်ဆေးခြင်းကိုခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သောအကူအညီများပေးရမည်။ | **မူလဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င) အား အစားထိုး ပြင်ဆင်ပြီး အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၇ | ၁၃ | (စ) အလုပ်သမားများ ဖျားနာ၍ အလုပ် မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ် နားခွင့်ပေးရမည်။ | ပယ်ဖျက်ရန် | **ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေနှင့်သာသက်ဆိုင်ပါသည်။** |
| | | | (ဆ) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘ နာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံး အခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးရမည်။ | **(င) မူလဥပဒေအတိုင်း** | |
| ၂၂။ | | | **အခန်း (၈)**<br><br>**အနည်းဆုံး အခကြေးငွေနှင့် စပ်လျဉ်း၍ အလုပ်သမားများ၏ အခွင့်အရေးများ** | **အခန်း (၇)**<br><br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၂၃။ | ၈ | ၁၄ | ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်နေသော အလုပ်သမားသည် -<br><br>(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို သော်လည်းကောင်း၊ ထိုအခကြေးငွေထက် အလုပ်ရှင်က ပို၍ပေးပါက ပိုပေးသည့် အခကြေးငွေကိုသော်လည်းကောင်း ရထိုက်ခွင့်ရှိသည်။ | ၁၀။ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် အလုပ် လုပ်နေသောအလုပ်သမားသည်-<br><br>(က) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၈ | ၁၄ | (ခ) ဤဥပဒေအာဏာမတည်မီက ရရှိနေသောအခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိသည်။ | (ခ) ဤဥပဒေအာဏာမတည်မီကရရှိနေသောအခကြေးငွေသည်ဤဥပဒေအရသတ်မှတ်သော အနည်းဆုံးအခကြေးငွေထက်ပိုမိုရရှိနေပါကမူလရရှိသောအခကြေးငွေကို ဆက်လက်ခံစားခွင့် ရရှိစေရမည်။ | **မူလဥပဒေပုဒ်မ၁၄၊ပုဒ်မခွဲ(ခ) အားအစားထိုးပြင်ဆင်ခြင်းဖြစ်သည်။** |
| | | | (ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါ အနည်းဆုံးအခကြေးငွေမှာဤဥပဒေအရသတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် လျော့နည်းနေပါက ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို ရထိုက်ခွင့်ရှိသည်။ | (ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါအနည်းဆုံးအခကြေးငွေမှာ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျော့နည်းနေပါက ဤဥပဒေအရ သတ်မှတ်ထားသောအနည်းဆုံးအခကြေးငွေကို ခံစားခွင့် ရရှိစေရမည်။ | **မူလဥပဒေပုဒ်မ၁၄၊ပုဒ်မခွဲ(ဂ) အားအစားထိုးပြင်ဆင်ခြင်းဖြစ်သည်။** |
| | | | (ဃ) အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုသော အလုပ်ကို လုပ်ကိုင်သည့်အခါ လုပ်ကိုင်သော အလုပ် အသီးသီးအတွက် သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် မနည်းစေဘဲ ခံစားခွင့်ရှိသည်။ | (ဃ) လုပ်ငန်းခွင်မတူသော အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အလုပ်ကို လုပ်ကိုင်သည့်အခါ လုပ်ကိုင်သော အလုပ်အသီးသီးအတွက် သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် မနည်းစေဘဲ ခံစားခွင့် ရရှိစေရမည်။ | **မူလဥပဒေပုဒ်မ၁၄၊ပုဒ်မခွဲ(ဃ) အားအစားထိုးပြင်ဆင်ခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၈ | ၁၄ | (င) အချိန်ပိုင်း၊ နာရီပိုင်း၊ အလုပ်တွင် အလုပ် လုပ်သည့် အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကိုခံစားခွင့်ရှိစေရမည်။ | (င) **မူလဥပဒေအတိုင်း** | |
| | | | (စ) လစားအလုပ်အတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ရက် နားခွင့်ရှိပြီး ထိုနားရက်အတွက် အခကြေးငွေရထိုက်ခွင့်ရှိသည်။ အကယ်၍ထိုနားရက်တွင် အလုပ်လုပ်ရပါက တည်ဆဲဥပဒေနှင့်အညီ အချိန်ပိုလုပ်ခ ရထိုက်ခွင့်ရှိသည်။ | **ပယ်ဖျက်ရန်** | (ခွင့်ရက်နှင့်အလုပ်ပိတ်ရက် ဥပဒေ) |
| | | | (ဆ) နေ့စားအလုပ်တွင် သတ်မှတ်ထားသည့် တစ်နေ့ အလုပ်ချိန် နာရီထက်လျော့၍အလုပ် လုပ်ခြင်းမှာ အလုပ်သမား၏ ဆန္ဒအရ မဟုတ်လျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရလျှင်သော်လည်းကောင်းအချိန်ပြည့် အလုပ်လုပ်ဘိသကဲ့သို့ အခကြေးငွေရထိုက်ခွင့်ရှိသည်။ | (စ) နေ့စားအလုပ်တွင်သတ်မှတ်ထားသည့် တစ်နေ့ အလုပ်ချိန်နာရီထက်လျော့၍အလုပ်လုပ်ခြင်းမှာ အလုပ်သမား၏ ဆန္ဒအရ မဟုတ်လျှင်သော်လည်းကောင်း၊ အလုပ်ရှင်ကအလုပ်မပေးနိုင်၍ အလုပ်နားရလျှင်သော်လည်းကောင်း အချိန်ပြည့်အလုပ်လုပ်ဘိသကဲ့သို့ အခကြေးငွေ ရရှိခံစားစေရမည်။ | **မူလဥပဒေပုဒ်မ၁၄၊ပုဒ်မခွဲ(ဆ) အား အစားထိုးပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ဇ) သတ်မှတ်ထားသည့် အနည်းဆုံးအခ ကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်။ | (ဆ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၈ | ၁၄ | (ဈ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကိုငွေသားဖြင့် ရထိုက်ခွင့်ရှိသည်။ ထို့ပြင် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန် ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့်ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ရထိုက်ခွင့်ရှိသည်။ | (ဇ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်သောအလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကိုငွေသားဖြင့်ဖြစ်စေ၊ အလုပ်ရှင်နှင့်အလုပ်သမားသဘောတူညီချက် ဖြင့်ဖြစ်စေ ရထိုက်ခွင့်ရှိသည်။ ထို့ပြင်သီးခြားအကျိုးခံစားခွင့်များအကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါကသတ်မှတ်ချက်များနှင့်အညီငွေသားဖြင့်ဖြစ်စေ၊အလုပ်သမားများ၏ ဆန္ဒအရငွေသား တချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက်တွဲဖက် ၍ဖြစ်စေရထိုက်ခွင့်ရှိသည်။ | **မူလဥပဒေပုဒ်မ၁၄၊ပုဒ်မခွဲ(ဈ) အားအစားထိုးပြင်ဆင်၍အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ည) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကို ဒေသဓလေ့ထုံးတမ်းအရ ဖြစ်စေ၊ အလုပ်သမားအများစု၏ဆန္ဒအရဖြစ်စေ၊စုပေါင်းသဘောတူညီချက်အရဖြစ်စေ၊ ငွေသား တချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့ တစ်ဝက် တွဲဖက်၍ အလုပ်သမားနှင့် ၎င်း၏ မိသားစုအတွက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။ | (ဈ) **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၂၄။ | ၈ | ၁၅ | ပုဒ်မ ၁၄ အရ အခကြေးငွေနှင့်အခြားခံစားခွင့်များ ရထိုက်ခွင့်ရှိသော အလုပ်သမားသည် -<br>(က) ရထိုက်ခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့် အားလုံးကို မရရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ အောက်လျော့နည်း၍ ရရှိလျှင်သော်လည်းကောင်း၊အဆိုပါနစ်နာသောအခကြေးငွေနှင့် အခြားခံစားခွင့်များရရှိရေးအတွက်ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ဦးစီးဌာနသို့ တင်ပြနိုင်သည်။ | ၁၁။ ပုဒ်မ၁၄ အရ အခကြေးငွေနှင့်အခြားခံစားခွင့်များ ရထိုက်ခွင့်ရှိသော အလုပ်သမားသည် -<br>(က) ရထိုက်ခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့်အားလုံးကိုမရရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ အောက် လျော့နည်း၍ ရရှိလျှင်သော်လည်းကောင်း၊ အဆိုပါနစ်နာသော အခကြေးငွေနှင့် အခြားခံစားခွင့်များ ရထိုက်ကြောင်းသိရှိသည့် အချိန်မှစ၍ ခံစားခွင့်များကို ရရှိရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီသို့မဟုတ်ပြည်နယ် ကော်မတီနှင့် ဦးစီးဌာနသို့တင်ပြနိုင်သည်။ | **မူလဥပဒေပုဒ်မ၁၅၊ပုဒ်မခွဲ(က) အားအစားထိုး ပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| | | | (ခ) ရထိုက်ခွင့်ရှိသော အခကြေးငွေ အားလုံး အတွက် တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။ | (ခ) **မူလဥပဒေအတိုင်း** | |
| ၂၅။ | ၈ | ၁၆ | ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များကို အလုပ်သမားအား ပေးရန်ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအနည်းဆုံး အခကြေးငွေထက် လျော့နည်း၍ အလုပ် | ၁၂။ ဤဥပဒေအရသတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့်အခြားခံစားခွင့်များကိုအလုပ်သမားအား ပေးရန်ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း ထိုအနည်းဆုံးအခကြေးငွေအောက် လျော့နည်း၍ | **မူလဥပဒေပုဒ်မ၁၆အားအစားထိုးပြင်ဆင်၍အမှတ် စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | သမားအား ပေးခြင်းကြောင့်သော်လည်းကောင်း အလုပ်ရှင်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီးနောက် ပေးရန်ပျက်ကွက်သော အခကြေးငွေနှင့် အခြားခံစားခွင့်ကို ဒဏ်ငွေအဖြစ် သက်ဆိုင်ရာအလုပ်သမားအား ပေးရန်အမိန့်ချမှတ်စေကာမူ ပုဒ်မ ၁၄ အရ ထိုအလုပ်သမားသည် ခံစားခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့် အပြည့်အဝမရရှိပါက ထိုအခကြေးငွေနှင့် ခံစားခွင့်များအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံခွင့်ကို ထိခိုက် ခြင်း မရှိစေရ။ | အလုပ်သမားအားပေးခြင်းကြောင့် လည်းကောင်း၊ အလုပ်ရှင်အပေါ်တရားရုံးက ပြစ်ဒဏ်ချမှတ်သည့်အခါတွင် သက်ဆိုင်ရာအလုပ်သမား၏ ရထိုက်ခွင့်ရှိသည့်အခကြေးငွေများအားအပြည့်အဝရရှိစေရန် သက်ဆိုင်ရာအလုပ်သမားဦးစီးဌာနမှတောင်းခံပေးရမည်။ | |
| ၂၆။ | | | **အခန်း (၉)**<br>**စစ်ဆေးရေး အရာရှိများအား တာဝန်ပေးအပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း** | **အခန်း (၈)**<br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဥ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၂၇။ | ၉ | ၁၇ | ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဥ်းစည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် စပ်လျဥ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း စစ်ဆေး | ၁၃။**မူလဥပဒေအတိုင်း** | **အမှတ်စဥ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | ရန်အလို့ငှာ သက်ဆိုင်ရာ ဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေး အရာရှိများအဖြစ် တာဝန်ပေးရမည်။ | | |
| ၂၈။ | ၉ | ၁၈ | စစ်ဆေးရေး အရာရှိသည် -<br>(က) အလုပ်ရှင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကိုလည်းကောင်း၊ အလုပ်သမားများဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို မှန်ကန်စွာမှတ်တမ်း ပြုစုထားခြင်းရှိမရှိကိုလည်းကောင်း၊အဆိုပါစာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြခြင်း ရှိမရှိကိုလည်းကောင်းသက်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းခွင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။ | ၁၄။ စစ်ဆေးရေးအရာရှိသည်-<br>(က) **မူလဥပဒေအတိုင်း** | **အမှတ်စဥ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၉ | ၁၈ | (ခ) ဦးစီးဌာန၏တာဝန်ပေးအပ်ချက်အရသက်ဆိုင်သည့် ပုဂ္ဂိုလ်များအားဆင့်ဆိုခြင်း၊စစ်ဆေးခြင်း၊ သက်ဆိုင်ရာစာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကိုတောင်းခံခြင်းနှင့်မိတ္တူကူးယူခြင်းတို့ ပြုနိုင်သည်။ | (ခ) **မူလဥပဒေအတိုင်း** | |
| | | | (ဂ) အလုပ်ရှင်ထံတွင် ပြင်ပအလုပ်သမားများ ရှိပါက ထိုပြင်ပ အလုပ်သမားများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ယင်းတို့၏ အမည်နှင့် နေရပ်လိပ်စာများကို စစ်ဆေးခွင့်၊ လုပ်ငန်းခွင် ပြင်ပအလုပ်သမားများ၏ စာရင်းနှင့်အခကြေးငွေဆိုင်ရာစာရင်းဇယား မှတ်တမ်းများကို တောင်းခံခွင့်၊ မိတ္တူကူး ခွင့်ရှိသည်။ | (ဂ) **မူလဥပဒေအတိုင်း** | |
| | | | (ဃ) စစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပုဒ်မ ခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်ရှင်က အထောက်အထားကို တောင်းဆိုပါက သက်ဆိုင်ရာဦးစီးဌာနက ထုတ်ပေးထားသည့် ဝန်ထမ်းစိစစ်ရေး သက်သေခံလက်မှတ်ကို ပြသရမည်။ | (ဃ) **မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | ( င ) ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့အရ စစ်ဆေးတွေ့ရှိချက်နှင့် တောင်းခံသည့်အထောက်အထား စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။ | (င)**မူလဥပဒေအတိုင်း** | |
| ၂၉။ | ၉ | ၁၉ | ဦးစီးဌာနသည် ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ ပေးဆောင်ရန် ပျက်ကွက်သည့် အလုပ်ရှင်ထံမှလည်းကောင်း၊ အနည်းဆုံး အခကြေးငွေ ပေးဆောင်ရန် ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တောင်းခံပြီးပေးရမည်။ | ၁၅။ ဦးစီးဌာနသည် ဤဥပဒေအရ သတ်မှတ်ထားသောအနည်းဆုံးအခကြေးငွေ ပေးဆောင်ရန် ပျက်ကွက်သည့် အလုပ်ရှင်ထံမှ လည်းကောင်း၊ အနည်းဆုံးအခကြေးငွေ ပေးဆောင်ရန် ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း၊ အလုပ်သမားကရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တောင်းခံပြီးသက်ဆိုင်ရာနစ်နာသူအလုပ်သမားကိုပေးရမည်။ | **မူလဥပဒေ ပုဒ်မ၁၉၊ အား အစားထိုးပြင်ဆင်၍ အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။**<br>**(ဥပဒေရေးထုံးညီညွတ်စေရန်)** |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃၀။ | ၉ | ၂၀ | ဦးစီးဌာနသည် ပုဒ်မ ၁၉ အရ တောင်းခံသော်လည်း သတ်မှတ်ပေးသော အချိန်အတွင်း အလုပ်ရှင်က အနည်းဆုံး အခကြေးငွေပေးရန် ပျက်ကွက်လျှင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ထိုအလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိ တစ်ဦးဦးအား တာဝန်ပေးရမည်။ | ၁၆။ **မူလဥပဒေအတိုင်း** | **အမှတ်စဥ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| ၃၁။ | ၉ | ၂၁ | စစ်ဆေးရေးအရာရှိများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် တာဝန်ပေးအပ်ချက်တို့အရ တရားစွဲဆိုနိုင်သည်။ | ၁၇။ **မူလဥပဒေအတိုင်း** | **အမှတ်စဥ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| ၃၂။ | | | **အခန်း (၁၀)**<br>**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ** | **အခန်း (၉)**<br>**မူလဥပဒေအတိုင်း** | **အခန်းအမှတ်စဥ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| ၃၃။ | ၁၀ | ၂၂ | မည်သည့် အလုပ်ရှင်မျှ -<br>(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကို အလုပ်သမားအား <u>ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။</u> | ၁၈။ မည်သည့်အလုပ်ရှင်မျှ-<br>(က)ဤဥပဒေအရသတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကိုအလုပ်သမားအား<u>ပေးချေရန်ပျက်ကွက်ခြင်းမရှိစေရ။</u> | **မူလဥပဒေပုဒ်မ၂၂၊ပုဒ်မခွဲ(က) အားအစားထိုးပြင်ဆင်၍အမှတ်စဥ်ပြောင်းလဲ ဖော်ပြခြင်းဖြစ်သည်။** |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁၀ | ၂၂ | (ခ) ပုဒ်မ ၁၄ အရ အလုပ်သမား ရထိုက်ခွင့်ရှိသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များ အောက်လျှော့နည်း၍အလုပ်သမားအားပေးခြင်း မပြုရ။ | (ခ) **မူလဥပဒေအတိုင်း** | |
| | | | (ဂ) အလုပ်သမားများ၏စာရင်း၊ ဇယားနှင့် စာတမ်း အမှတ်အသားများ၊ အခကြေးငွေ စာရင်းများ နှင့် စပ်လျဉ်း၍ -<br>(၁) မမှန်မကန် ရေးသွင်းခြင်း၊ လိမ်လည်၍ မှတ်တမ်း ပြုစုခြင်း သို့မဟုတ် မမှန်မကန် လိမ်လည်၍ အစီရင်ခံခြင်း မပြုရ။ | (ဂ) အလုပ်သမားများ၏စာရင်း၊ ဇယားနှင့်စာတမ်း အမှတ်အသားများ၊ အခကြေးငွေ စာရင်းများ နှင့် စပ်လျဉ်း၍ -<br>(၁) **မူလဥပဒေအတိုင်း** | |
| | | | (၂) သက်ဆိုင်ရာ ဦးစီးဌာနသို့ သတ်မှတ်ချက် များနှင့်အညီ အစီရင်ခံတင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။ | (၂) **မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ၁၀ | ၂၂ | (၃) စစ်ဆေးရေးအရာရှိက တောင်းခံသည့်အခါ တင်ပြရန်ပျက်ကွက် ခြင်း မရှိစေရ။ | (၃) **မူလဥပဒေအတိုင်း** | |
| | | | (ဃ) စစ်ဆေးရေးအရာရှိကဆင့်ဆိုလျှင်သွား ရောက်စစ်ဆေးခံရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိ စေရ။ | (ဃ) **မူလဥပဒေအတိုင်း** | |
| | | | (င) တာဝန်အရ လာရောက်စစ်ဆေးသော စစ်ဆေးရေးအရာရှိအား ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။ | (င) **မူလဥပဒေအတိုင်း** | |
| ၃၄။ | ၁၀ | ၂၃ | မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ၅ သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်း ခံရမည်။ | ၁၉။ **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃၅။ | ၁၀ | ၂၄ | မည်သည့် အလုပ်ရှင်မျှ -<br>(က) အနည်းဆုံး အခကြေးငွေ အမိန့်ကြော် ငြာစာ ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။ | ၂၀။ မည်သည့်အလုပ်ရှင်မျှ-<br>(က) **မူလဥပဒေအတိုင်း** | |
| | | | (ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ နှုန်းထားများအနက် မိမိ၏ အလုပ်သမားများနှင့်သက်ဆိုင်သော အနည်းဆုံး အခကြေးငွေနှုန်းထားများနှင့်စပ်လျဉ်း၍အလုပ် သမားများအား အသိပေးပြီး လုပ်ငန်းဌာနနှင့် လုပ်ငန်းခွင်တို့တွင် အလုပ်သမားများ မြင်နိုင်မည့် နေရာ၌ ကြော်ငြာထားရန်ပျက်ကွက်ခြင်း မရှိစေရ။ | (ခ) **မူလဥပဒေအတိုင်း** | |
| ၃၆။ | ၁၀ | ၂၅ | မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက် မပို သော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံး ဖြစ်စေ ချမှတ် ခြင်းခံရမည်။ | ၂၁။ **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃၇။ | ၁၀ | ၂၆ | တရားရုံးသည် ပုဒ်မ ၂၃ နှင့် ၂၅ တို့အရ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ အလုပ်ရှင်က ပေးဆောင်ရန် ပျက်ကွက်သော အခကြေးငွေကို ငွေဒဏ်အဖြစ် ချမှတ်ပြီး အလုပ်သမားအား ပေးရမည်။ | **ပယ်ဖျက်ရန်** | ပုဒ်မ ၂၃အရ ဒဏ်ငွေ (၅)သိန်း၊ ပုဒ်မ ၂၅ အရ ဒဏ်ငွေ (၃) သိန်းတို့ထက် နစ်နာကြေးကများနေလျှင် အဆင်မပြေပါ၊ အလုပ်သမား၏ နစ်နာငွေကို ပေးလိုလျှင် ပုဒ်မ ၂၃နှင့် ၂၅ ကိုသာ ပြင်ရမည်။ |
| ၃၈။ | ၁၀ | ၂၇ | မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။ | **ပယ်ဖျက်ရန်** | ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်များသည် ဥပဒေတွင် အကျုံးဝင်ပြီးဖြစ်သည်။ |
| ၃၉။ | | | **အခန်း (၁၁)**<br><br>**အထွေထွေ** | **အခန်း(၁၀)**<br><br>**အထွေထွေ** | **အခန်းအမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၄၀။ | ၁၁ | ၂၈ | ဤဥပဒေ အာဏာမတည်မီက ဖြစ်စေ၊ ဤဥပဒေ အာဏာတည်ပြီးနောက် ဖြစ်စေ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျော့နည်း၍ | ၂၂။ **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | ချုပ်ဆိုထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်၊ အလုပ်ခန့်ထားမှုဆိုင်ရာ နှုတ်ပဋိညာဉ် သို့မဟုတ် သဘောသက်ရောက်သော ပဋိညာဉ်ပါ အခကြေးငွေနှင့်သက်ဆိုင်သမျှ သဘောတူညီချက်သည် ဤဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်စေရမည်။ | | |
| ၄၁။ | ၁၁ | ၂၉ | (က) နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသား ကော်မတီဝင်များသည်ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။ | ၂၃။(က)**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ အဖွဲ့ဝင်များသည် သက်ဆိုင်ရာပြည်ထောင်စု နယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။ | (ခ)**မူလဥပဒေအတိုင်း** | |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄၂။ | ၁၁ | ၃၀ | ဤဥပဒေပါ လုပ်ငန်းတာဝန်နှင့် စပ်လျဉ်းသည့် အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်အဝဝကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းမှလည်းကောင်း၊ ပြည်ထောင်စု နယ်မြေကော်မတီ၏ ကုန်ကျစရိတ် အဝဝကို နေပြည်တော်ကောင်စီ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း ကျခံရမည်။ | ၂၄။**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |
| ၄၃။ | ၁၁ | ၃၁ | ဝန်ကြီးဌာနသည် အမျိုးသားကော်မတီနှင့် ပြည်ထောင်စု နယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်း တာဝန်များကို စီစဉ်ဆောင်ရွက်ပေးရမည်။ | ၂၅။**မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။** |

| စဉ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄၄။ | ၁၁ | ၃၂ | ဤဥပဒေပါ ပြစ်မှုများကို ဦးစီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။ | **ပယ်ဖျက်ရန်** | ပုဒ်မ ၂၁ အရ တရားစွဲဆိုခွင့်ပေးထားပြီး ဖြစ်သည့်အပြင် ဤပုဒ်မ၌ ဦးစီးအရာရှိများကသာဟု သုံးနှုန်းခြင်းကြောင့် ပုဒ်မ ၁၅(ခ)၊ ပုဒ်မ ၁၆ တို့နှင့် ဆန့်ကျင်လျက်ရှိသည်။ |
| ၄၅။ | ၁၁ | ၃၃ | နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ၏ အဖွဲ့ဝင်များသည်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ် ကော်မတီဝင်များသည်လည်းကောင်း၊ ဤဥပဒေအရ လိုအပ်၍ သီးခြားတာဝန်ပေးသည့်ပုဂ္ဂိုလ် သို့မဟုတ် အခြားအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည်လည်းကောင်း ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။ | ၂၆။ **မူလဥပဒေအတိုင်း** | **အမှတ်စဉ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| ၄၆။ | ၁၁ | ၃၄ | ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင် တစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။ | **ပယ်ဖျက်ရန်** | |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄၇။ | ၁၁ | ၃၅ | ဦးစီးဌာနသည် အနည်းဆုံးအခကြေးငွေနှင့် စပ်လျဉ်းသည့် အောက်ပါအချက်အလက်များကို ဝန်ကြီးဌာနသို့ တင်ပြရမည် -<br>(က) အနည်းဆုံးအခကြေးငွေသတ်မှတ်သည့်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပုံနည်းလမ်းများ၊ | **ပယ်ဖျက်ရန်** | (ပင်မ ဥပဒေတွင် ဝန်ကြီးဌာနအတွင်း လုပ်ငန်းကို ထည့်သွင်းပြဋ္ဌာန်းခြင်းငှာ မသင့်ပါ။) |
| | | | (ခ) အနည်းဆုံးအခကြေးငွေနှင့် သက်ဆိုင်သည့်လုပ်ငန်းများနှင့် ခန့်မှန်း အလုပ်သမား ဦးရေ၊ | **ပယ်ဖျက်ရန်** | |
| | | | (ဂ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေများ၊ | **ပယ်ဖျက်ရန်** | |
| | | | (ဃ) အနည်းဆုံး အခကြေးငွေ နှုန်းထားများနှင့် စပ်လျဉ်း၍ အခြားအရေးကြီးသော ကိစ္စများရှိပါက ထိုကိစ္စများ။ | **ပယ်ဖျက်ရန်** | |
| ၄၈။ | ၁၁ | ၃၆ | ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -<br>(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ <u>စည်းမျဉ်းနှင့် စည်းကမ်းများကို</u> ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။ | ၂၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရာတွင်-<br>(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ <u>စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို</u> ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။ | **မူလဥပဒေ ပုဒ်မ၃၆၊ ပုဒ်မခွဲ(က) အား အစားထိုးပြင်ဆင်၍ အမှတ်စဥ် ပြောင်းလဲဖော်ပြခြင်း ဖြစ်သည်။**<br>(ပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)နှင့် (ခ) ကို ပေါင်းရေးခြင်းဖြစ်သည်။) |

| စဥ် | အခန်း | ပုဒ်မ | မူလဥပဒေ | ပြင်ဆင်လိုသည့်ဥပဒေ | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|---|
| | | | (ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | (ခ) ဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်သို့ ၁ နှစ် လျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။ | **မူလဥပဒေပုဒ်မ၃၆၊ပုဒ်မခွဲ(ခ) အားအစားထိုးပြင်ဆင်ခြင်းဖြစ်သည်။**<br>(အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့သို့သာ တင်ပြရမည့်ပညာရှင်အဖွဲ့ ဖြစ်ပါသည်။) |
| ၄၉။ | ၁၁ | ၃၇ | ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အောက်ပါအက်ဥပဒေများကို အာဏာတည်ခြင်းမှ ရပ်စဲစေရ မည် -<br>(က) ၁၉၄၉ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ အက်ဥပဒေ (၁၉၄၉ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၆၆ )၊ | ၂၈။ဤဥပဒေ စတင်အာဏာတည်သည့် နေ့မှစ၍ အောက်ပါအက်ဥပဒေများကို အာဏာတည်ခြင်းမှ ရပ်စဲ ရမည်-<br>(က) **မူလဥပဒေအတိုင်း** | **အမှတ်စဥ်ပြောင်းလဲဖော်ပြခြင်းဖြစ်သည်။** |
| | | | (ခ) လယ်ယာအလုပ်သမားအနည်းဆုံးအခကြေးငွေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄)။ | (ခ) **မူလဥပဒေအတိုင်း** | |